# အူးစူးကျေးရွာ

# တမူးမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

# (၂၀၁၉-၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

အူးစူးကျေးရွာ၊ တမူးမြို့နယ်

(တမူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

မှ ကူညီရေးဆွဲသည်)

Asiyin( PC)

# မာတိကာ

မာတိကာ

စကားချီး

သံယံဇာတပြမြေပုံနှင့် ရာသီခွင်ပြ ပြက္ခဒိန်

အပိုင်း(၁)ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

(က) နိဒါန်း

(ခ) ရည်ရွယ်ချက်

(ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၁။ တည်နေရာ၊ ရာသီဉတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

၂။ သဘာဂအရင်းအမြစ်များ

၃။ လူဦးရေဆိုင်ရာအချက်အလက်များ

၄။ စီးပွားရေးအခြေအနေ

၅။ ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

၆။ ကျန်းမာရေးနှင့် အာဟာရ

၇။ ပညာရေးနှင့် ကျွမ်းကျင်မှုများ

၈။ ကျား-မရေးရာ

၉။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

၁၀။ သီးနှံ၊သား၊ငါး ထုတ်လုပ်ရေးကဏ္ဍ

၁၁။ ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

၁၂။ ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

၁၃။ အခြေခံအဆောက်အဦ- လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေးလက်လှမ်းမီမှု

၁၄။ အဟာန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

၁၅။ ဆောင်ရွက်မည့် နည်းဗျူဟာ

၁၆။ ဦးစားပေးဆောင်ရွက်ရမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

(က) ဦးစားပေးစီမံချက်

(ခ) အကောင်အထည်ဖော်မည့် အချိန်ကာလ

နောက်ဆက်တွဲ

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

# အူးစူးကျေးရွာ သယံဇာတပြမြေပုံ



# အူးစူး ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်



## စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၉-၂၀၂၀ခု ဘဏ္ဍာရေးနှစ်မှ (၂၀၁၉-၂၀၂၃) ခု ဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ ၏ ပထမဦးဆုံးသော ကျေးရွာသူ/သားများ ပူးပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာ ဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက် ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၊ မိမိတို့ကျေးရွာအား ကျေးရွာဖွံ့ဖြိုးတိုးတက် ရေးစီမံကိန်း ဆောင်ရွက်နိုင် ရန် ပူးပေါင်းညှိနှိုင်းရွေးချယ်ပေးခဲ့ကြပါသော မြို့နယ် စီမံခန့်ခွဲမှု အဖွဲ့ဥက္ကဌနှင့် အဖွဲ့များအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ ကျေးရွာနှင့် သက်ဆိုင်သည့် ဒေသန္တရ အရေးကြီး အချက်အလက်များနှင့် အကြံဉာဏ်များကို တက်ကြွစွာ ကူညီပံ့ပိုးပေးကြပါသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို အစီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစနစ်တကျပူးပေါင်း ပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်း များကို မသိရှိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်း ဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြသည့် နည်းလမ်းအတွက် ကူညီပံ့ပိုးပေးမည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်၍ သင်တန်း ပို့ချဆောင်ရွက် ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်း အချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံ သာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင် သောနေရာများမှလည်း ကောက်ယူရရှိ ခဲ့ပါသည်။ ထို့အပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ အကူအညီ ရယူရန်လိုအပ်ကြောင်း ကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(၁)တွင် ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ အဓိက ဖော်ပြ ထားပြီး အပိုင်း(၂) သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြု စီမံကိန်း လုပ်ငန်း များ၏ အသေးစိတ်အချက် အလက်များ ပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

တမူးမြို့နယ်

## အပိုင်း(၁) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

### (က)နိဒါန်း

၁။ ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်ဖြစ် ကြောင်းသိရှိရပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာ ပါဝင်၍ ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏာန်း၊ သတင်းအချက်အလက် များပြုစုရန် အရေးကြီးပုံကို အလေးထားမိသည့်အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သော ကိန်းဂဏာန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ဖွံ့ဖြိုးရေး စီမံကိန်း အကောင်အထည်ဖော်ရန်လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိ ပါသည်။

၂။ ဤအစီအစဉ်တွင် ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေ သောအချက်များ အပေါ်အခြေခံ၍ (၅)နှစ်တာ ကာလအတွင်း ဆောင်ရွက်လိုသည့် ရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက် မည့်စီမံချက်များကိုဖော်ထုတ်၍ အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ အရပ်ဘက် လူမှုရေးအဖွဲ့အစည်းများ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ် ရေးအဖွဲ့အစည်းများတို့ကို ချိတ်ဆက်၍ ဆောင်ရွက်ရမည်ကို သိရှိနားလည်စေခဲ့ပါသည်။

### (ခ) ရည်ရွယ်ချက်

၃။ လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှုရ စေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင်ထားရှိခြင်းဖြင့် လုပ်ငန်းများ ကိုလူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှု ကို တိတိကျကျပံ့ပိုးပေးရာရောက်ပါ သည်။

## (ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၄။ ကျေးရွာ၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကို ဦးစားပေးရွေးချယ် ဆောင်ရွက်ရပါမည်။ ကျွန်ုပ်တို့စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုအပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်းတိုးချဲ့ ဆောင်ရွက် သွားမည် ဖြစ်ပါသည်။

### ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

### တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

ကျေးရွာသည် ကလေး–တမူး ကားလမ်းပေါ်တွင်တည်ရှိပြီး အုပ်ချုပ်ရေးရုံးစိုက်ရာ တမူးမြို့နှင့်ဆက်သွယ်သွားလာရလွယ်ကူသည်။ မြေပြန့်ဒေသတွင် တည်ရှိပြီး အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာစိုက်ပျိုးရေး နှင့် မွေးမြူရေးလုပ်ငန်းများဖြစ်ကြ သည်။ ဒေသ၏တစ်နှစ်ပျှမ်းမျှမိုးရေချိန် လက်မမှာ (၈၀)မှ (၁၀၀) ဝန်းကျင်တွင်တည်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် အသင့်အတင့် ကောင်းမွန်သည်။ ကျေးရွာတည်ရှိရာသည် ကုန်တွင်းပိုင်း တွင်တည်ရှိပြီး ရေဝင်ရောက်မှုကင်းလွတ်သည်။ ကျေးရွာအနီးတွင် တောတောင် အနည်းငယ်ရှိပြီး မြေပြင်အနေအထားမှာ အောက်ကျင်းနှင့်ကုန်းပေါ် ဟူ၍ အနိမ့်အမြင့်ရှိနေပါသည်။ လယ်ယာမြေများမှာ စပါး၊ပဲ စိုက်ပျိုးထုတ်လုပ်ရန်နှင့် အသက်မွေးဝမ်းကျောင်းရန်တို့အတွက် အဓိကအားထားရာဖြစ် သည်။ ၂၀၁၅ ခြိဂုတ်လက တမူးမြို့နယ်အတွင်းရှိ ကျေးရွာအချို့မှာ ရေလွှမ်းမှုကြောင့် အနိမ့်ပိုင်းကျေးရွာအချို့တွင် ရေကြီးရေလွှမ်းမိုးမှုကြောင့်ထိခိုက်ပျက်စီးမှုများ ခံစားရပါသည်။

### သဘာဝအရင်းအမြစ်များ

ကျေးရွာသည် လယ်ယာမြေ အသင့်အတင့်ရှိပြီး မြေပြန့်ဒေသဖြစ်ကာမြေဆီလွှာ အသင့်အတင့်ကောင်းမွန်သည်။ ကျေးရွာတွင် သဘာဝသံယံဇာတမထွက်ရှိပါ။ တောင်သူအချို့မှာ ရေချောင်း၊ရေ မြောင်း များမှ လယ်မြေကေ (၅၀) ခန့်သာရေသွင်းစိုက်ပျိုးနိုင်ပြီး မြေအောက်ရေအသုံးပြုမှုမရှိပါ။ ဖရဲ၊ မြေပဲ၊ မုန်ညင်း၊ မြေထောက်ပဲနှင့် ပဲအမျိုးမျိုးကို သာအဓိကစိုက်ပျိုးကြသည်။

### လူဦးရေဆိုင်ရာအချက်လက်များ

အိမ်ထောင်စုပေါင်း (၂၀)စု နှင့် ကျား (၇၂)၊ မ(၇၃)ဦးဖြင့် လူဦးရေပေါင်း (၁၄၅)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ (၇)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်လျှင် ပျမ်းမျှနှုန်း (၅)ဦးနှုန်းနှင့်ထက်ပိုပါသည်။ ကျေးရွာတွင် ချင်းလူမျိုး များနေထိုင်ကြပြီး အလုပ်လုပ်နိုင်သော အရွယ်သည် ကျေးရွာရှိ လူဦးရေပေါင်း၏ (၇၀)% ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ပါသည်။

## စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာတွင် အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာသာမာန်အားဖြင့်လျော့နည်းသည်။ ကျေးရွာတွင် လယ်ယာမြေ ပိုင်ဆိုင် မှုနည်းပါးပြီး လယ်ယာသုံးစက်ပစ္စည်း အနည်းငယ်သာရှိပါသဖြင့် ကျေးရွာ၏ စီးပွားရေးအနေအထားမှာ သာမာန်မျှသာရှိသည်ဟု ပြောနိုင်သည်။ လယ်ယာမြေ မရှိသော အိမ်ထောင်စုများမှာ ကျပန်းအလုပ်များကိုသာ လုပ်ကိုင်ကြပါသည်။ ဆင်းရဲသောအဆင့်သည်ကျေးရွာတွင်အများဆုံးဖြစ်ပြီး မြေယာမဲ့အိမ်ထောင်စုအများဆုံးပါဝင်ကာ အလွန်ဆင်းရဲသည့် အိမ်ထောင်စုများဖြစ်ကြပါသည်။

## ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများပြားကာ ရာသီအလိုက် လုပ်ငန်းခွင်လည်း နည်းပါးပါသည်။ ကျေးရွာမှဆင်းရဲနှင့်အလွန်ဆင်းရဲ အိမ်ထောင်စုများသည် သူတစ်ပါးထံမှ ချေးငှားပြီး နပ်မှန်စားသုံးနေရပါသည်။ မြေယာပိုင်ဆိုင်သော အိမ်ထောင်စုများကို လေ့လာဆန်းစစ်မှုအရ ယင်းတို့၏ အကြွေးတင်ရှိမှုပမာဏသည် အကြွေးငွေ ဆယ်သိန်းကျပ် မှ သိန်းနှစ်ဆယ်ကျပ် အထိ တင်ရှိနေကြသည်။အခြားထိခိုက် လွယ်သော အိမ်ထောင်စုများလည်း ရှိပါသည်။

## ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသား အများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝ၍ ကျန်းမာကြသည်။ ကလေးငယ်အများစုလည်းကျန်းမာကြသည်။ အမျိုးသမီး၊ လူငယ်လူရွယ် ၊ သက်ကြီးပိုင်းတို့သည်လည်း တစ်ကိုယ်ရည်သန့်ရှင်းရေး နှင့် ကျန်းမာရေး အသိအမြင်များရှိကြသည်။ ကျေးရွာသားများအနေဖြင့်အခြေခံ ကျန်းမာရေး စောင့်ရှောက်မှုများကို ကျေးရွာတွင်မရရှိနိုင်သော်လည်း ကီလိုမီတာအနည်းငယ်သာဝေး

ပြီး ကားလမ်းဖြင့်အလွယ်တကူသွားလာနိုင်သော မြို့နယ်ဆေးရုံ၊ ဆေးဆိုင်၊ ဆေးခန်းများ နှင့်လည်းလက်လှမ်းမီပါသည်။ ကျေးရွာတွင် မိုးတွင်းကာလ၌ တွင်းရေမှရေကို ကျိုချက်သောက်သုံးကြသောကြောင့် ဝမ်းပျက်၊ဝမ်းလျော၊တိုက်ဖိုက်၊အစာအိမ်ရောင်စသော ရောဂါဖြစ်ပွားမှုနှုန်းအလွန်နည်းပါးပါသည်။

## ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်း တွေ့ရှိရပါသည်။ ရွာသား အများစုသည် အခြေခံ အရေး၊အဖတ်၊အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက် နည်းပါးပါသည်။ ကျေးရွာတွင် အခြေခံပညာရေးကို ရွာထဲရှိ မူလတန်းကျောင်းတွင်တက်ရောက်သင်ကြားနိုင်သည်။ သို့သော် သက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးဆဲဖြစ်သည်။

## ကျား၊မဆိုင်ရာဆက်နွယ်မှု

ကျေးရွာတွင် ကျား-မရေးရာ ကိစ္စဆိုင်ရာအနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား-မရေးရာ ဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာ သတ်မှတ်ထားကြသည်။ ကျေးရွာတွင်ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်း အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။

## ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း (၅)ဖွဲ့ ၊ ဘာသာရေးနှင့်ယဥ်ကျေးမှုဆိုင်ရာ (၄)ဖွဲ့တို့ရှိပါသည်။ ဖွဲ့စည်းထားသော အဖွဲ့အစည်းများသည် အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ တိုင်ပင်ကာ လုပ်ဆောင်ကြပါသည်။အဖွဲ့အစည်းများ၏စွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းများရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု ပိုမိုတိုးတက်အားကောင်းလာနိုင်ပါသည်။

## သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါး နှင့် ပဲမျိုးစုံကိုသာ အဓိကထား စိုက်ပျိုးကြပါသည်။ တောင်သူအများစုသည် လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမားမလုံလောက်မှု

ပြဿနာ ကြုံတွေ့ကြရပြီး လုပ်အားခပိုမိုပေးမှ အလုပ်သမားများကို ငှားရမ်းရရှိနိုင်ကြပြီး ကုန်ကျစရိတ်မြင့်တက်မှုတို့ကို ကျော်လွှားနိုင်ရန် စပါးစိုက်ရာတွင် ကြဲပက်စနစ်ကို သုံးကြသည်။ ကျေးရွာတွင်တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းများလည်း နည်းပညာများနှင့် အသိပညာနည်းပါးပါသည်။လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန်ချေးငွေများကို အလွယ်တကူ မရရှိနိုင်ကြ၍ စီးပွားဖြစ်မွေးမြူသောလုပ်ငန်းများ မရှိသေးပါ။

## စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင်အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းများ မရှိကြပါ။ အခြားဝင်ငွေ လုပ်ငန်းများမှာ နေ့စား၊ ခေါင်းရွက်ဈေးရောင်းတို့ ဖြစ်ကြသည် ။ အစိုးရဝန်ထမ်း အလွန်နည်းပါးပါသည်။ အခြားလုပ်ငန်းများမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် လုပ်ငန်းခွင် အသင့်အတင့်နည်းပါးပါသည်။ ဈေးရောင်း၊ခေါင်းရွက်ဈေးသည်မှလွဲ၍ အခြားစီးပွားရေး သင်တန်းများ အထိအတွေ့နည်းပါသည်။

## ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

ကျေးရွာတွင် စပါးနှင့်မြေပဲ ပဲအမျိုးမျိုး ဆီထွက်သီးနှံများစိုက်ပျိုးသည့်အခါ ပိုးသတ်ဆေးများသုံးစွဲရန် မလိုအပ်သောကြောင့် မြေဆီလွှာ အရည်အသွေးကျဆင်းမှုမရှိနိုင်ပါ။ ကျေးရွာအတွင်း ပလတ်စတစ်အိတ်ခွံ၊ ပုလင်းခွံများကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။ လွန်ခဲ့သည့် ၂၀၁၅ ခုနှစ်က မိုးတွင်းကာလ ရေကြီးရေလျှံမိုးမှုဖြစ်ပွားခဲ့သော်လည်း လယ်ယာမြေအသင့်တင့်နစ်မြုပ်ခံရပြီး ကျေးရွာမှာ ကုန်းမြင့်ဒေသတွင် တည်ရှိသောကြောင့် ရေကြီးရေလျှမ်းခြင်းမှကင်းလွတ်ခဲ့သည်။ရာသီဥတုမှာ အသင့်အတင့်ကောင်းမွန်သောကြောင့် သဘာဝဘေးအန္တရာယ်အနည်းငယ်ကျနိုင်ပါသည်။

## ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျေးရွာမှ တောင်သူများသည် မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို တစ်နှစ်အတိုးနှုန်း (၆.၅၀)ပြား တစ်ကေ(၁၅၀၀၀၀)ကျပ်နှုန်းဖြင့် (၁၀) ကေ အောက်သာချေးယူနိုင်ကြသည်။ ကျေးရွာတွင် မြန်မာနိုင်ငံအပြည်ပြည်ဆိုင်ရာ ကုမ္ပဏီမှ လာရောက်ဖွဲ့စည်းပေးသော ငွေရေးကြေးရေးအဖွဲ့ဖွဲ့စည်းထားပြီး အဖွဲ့ဝင် (၂၁)ဦးရှိကာ တစ်နှစ်အတိုးနှုန်းမှာ၂၀%ဖြင့်ချေးယူနိုင်ကြသည်။ အဖွဲ့တွင်ချေးငွေကို စနစ်တကျ ချေးယူ

နိုင်ကြပြီး စည်းကမ်းပိုင်းတွင် တင်းကြပ်ထားပါသည်။ ချေးငွေကို စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေးတို့အတွက် ချေးယူကြသည်။

**ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အသင့်အတင့်ရှိပါသည်။ အခြေခံ အရေးအဖတ် တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက်နည်းပါးပါသည်။ ကျေးရွာတွင် အခြေခံပညာရေးကို ရွာတွင်းရှိ မူလတန်းကျောင်းတွင် သင်ကြားနိုင်ပါသည်။ အသက်မွေး ဝမ်းကျောင်းအလုပ် လုပ်ကိုင်ရန် လူငယ်လူရွယ်များမှာအခွင့်အလမ်း နည်းပါးနေဆဲဖြစ်ပါ သည်။ ကျေးရွာသားများသည် သာမာန်အားဖြင့်ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရ မျှတမှုရှိပါသည်။ ငှက်ဖျားနှင့်သွေးလွန်တုပ်ကွေးရောဂါများဖြစ်ပွားမှုနည်းပါးပြီး ရွာသား များသည် ကျန်းမာရေးအသိအမြင်များလည်းရှိကြပါသည်။ ရွာသားများအနေဖြင့် ကျန်းမာ ရေးစောင့်ရှောက်မှုကို နီးစပ်ရာဆေးရုံဆေးခန်းသို့ သွားလာရလွယ်ကူ၍ ဆေးဆိုင်များနှင့် လည်းလက်လှမ်းမီပါသည်။ ကျေးရွာတွင် လက်နှိပ်တုံကင်များနှင့် မြေအောက်ရေကို အလွယ်တကူရရှိကြပြီး ဝမ်းလျှောရောဂါနှင့်အစာအိမ်ရောဂါဖြစ်ပွားမှုလည်း နည်းပါး ပါသည်။

**အခြေခံအဆောက်အဦ – လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေးလက်လှမ်းမှီမှု၊**

ရွာတွင်းလမ်းမှာမြေသားလမ်းဖြစ်ပါသည်။ ကျေးရွာတွင် ဆိုလာမီးကိုသာ အသုံးပြုကြပါသည်။ ဆက်သွယ်ရေးကွန်ရက်ကောင်းမွန်သောကြောင့် သတင်းအချက် အလက်များကို လျှင်မြန်စွာသိရှိနိုင်ကြပါသည်။ ကျေးရွာတွင်စာကြည့်တိုက်ရှိသော်လည်း စာအုပ်အနည်းငယ်မျှသာရှိပါသည်။ ကျေးရွာတွင် ဖုန်းတာဝါတိုင်မရှိသောကြောင့် မိုဘိုင်း ဖုန်းဆက်သွယ်မှုနှင့်အခြားလူမှုဝန်ဆောင်မှု လုပ်ငန်းများအတွက်လက်လှမ်းမမီပါ။

**ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေး**

ကျေးရွာအတွင်း ရာဇဝတ်မှုခင်းနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည် ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ ကျေးရွာတွင် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဆယ်အိမ်မှူး၊ ရပ်မိရပ်ဖ၊ အရံမီးသတ်တပ်ဖွဲ့များ ပူးပေါင်း၍ ကျေးရွာအေးချမ်းသာယာ ဖွံ့ဖြိုးရေးနှင့်လုံခြုံရေးအတွက် ဝိုင်းဝန်းဆောင်ရွက်နေကြပါသည်။ ရွာသားများသည်

ရဲစခန်း သို့အလွယ်အတူ ချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွားခြင်း နည်းပါးသည်။

## ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ

ကျေးရွာတွင် ဆိုလာမီးများရရှိခြင်းကြောင့် ကျောင်းသူ၊ကျောင်းသား များအတွက် စာဖတ်ချိန်အထောက်အပံ့ဖြစ်ခြင်း စသော လူနေမှုအဆင့်အတန်းမြင့်မားလာရေးအတွက် အထောက်အကူပြုပါသည်။ လူငယ်ပညာတတ်များ အသင့်အတင့်ရှိပြီး လူဦးရေအားလုံး၏ ၇၀ % မှာအလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်ကြသည်။ ဘွဲ့ရအရေအတွက်နည်းပါးပြီး အလုပ်အကိုင်ရှာဖွေနေကြရဆဲဖြစ်ပါသည်။ ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့်ကောင်းမွန်ပါသည်။ ကျေးရွာသားများ အနေဖြင့် စိုးရိမ်ရသော ဆေးဝါးကုသလိုမှုအတွက်လည်း တမူးခရိုင်ဆေးရုံသို့ သွားရောက်ပြီး ဆေးကု သမှုများခံယူနိုင်ကြသည်။ကျေးရွာတွင် စာသင်ကျောင်းနှင့် ပုံ့ပိုးပစ္စည်းများမှာ လက်ရှိ ပညာရေးအနေအထားအတွက် ကောင်းသောအဆင့်တွင် ရှိနေကြသည်။ သဘာဝအရင်း အမြစ်များတွင် လယ်ယာမြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီဩဇာအတော်အသင့်ကောင်း မွန်သည်။ကျေးရွာတွင် ကြက်၊ဝက်၊ကျွဲ၊နွား များကို တစ်နိုင်တစ်ပိုင်မွေးမြူကြပါသည်။ တောင်သူများလည်း လယ်ယာထွက်ကုန်များကို အလွယ်တကူ သယ်ယူပို့ဆောင် ပေးနိုင်သည်။ ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှု နည်းပါးပြီး တည်ငြိမ်အေးချမ်းမှု ကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။

## အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျေးရွာရှိလယ်မြေများမှာ မြေဆီလွှာ အသင့်တင့်ကောင်းမွန်သော်လည်း ရေလျှံ တိုက်စားမှုကြောင့် ဆည်မြောင်းများ ကျိုးပဲ့ပျက်စီးပါသဖြင့် စပါးအထွက်နှုန်းကျဆင်းပါ သည်။ မြေလွတ်မြေရိုင်းများမရှိသဖြင့် လယ်ယာမြေတိုးချဲ့ရန်မရှိပါ။ လက်ရှိလယ်ယာများ အထွက်နှုန်းတိုးရန်သာ တောင်သူများ အားစိုက်နေရပါသည်။ မွေးမြူရေးမှာလည်း နည်းပညာနည်းပါးမှုကြောင့် ရွာသားများတစ်နိုင်တစ်ပိုင်မွေးမြူရန်ခက်ခဲပါသည်။ ရွာတွင် မူလတန်းကျောင်းသာရှိပါသည်။ ကျန်းမာရေးမှာလည်း ဆေးပေးခန်းနှင့် တတ်ကျွမ်း သည့်ဆရာနှင့်ဆေးဝါးများမရှိသဖြင့် ကျန်းမာရေးစောင့်ရှောက်မှုအတွက်ခက်ခဲလှပါသည်။

ရွာတွင်းလမ်းတံတားမှာလည်း သစ်သားတံတားများဖြစ်သဖြင့် ဆွေးမြေ့ပျက်စီးနေပါသည်။ မိုးရွာသီတွင် ရွာတွင်း၌ပင် သွားလာရမလွယ်ကူပါ။

**ရည်မှန်းချက်ပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့် ငါးနှစ်တာ ကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်းချမှတ်ထားပါသည်။ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှု မြင့်တင်ခြင်း၊ အလုပ်အကိုင်များဖန်တီးခြင်း၊ သက်မွေးပညာသင်တန်းများရရှိခြင်း မှတစ်ဆင့်ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထားကို တိုးတက်ရရှိစေမည်။ ကျွန်ုပ်တို့ကျေးရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးမှတစ်ဆင့်ကလေးငယ်များ၏ လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။ ကျွန်ုပ်တို့ရွာလူထုသည် အသက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးအုပ်စုများ ဖွဲ့စည်းပြီး ကျေးရွာအခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် မြင့်မားလာမှုမှတစ်ဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှု ယန္တရားတိုးတက်လာစေရမည်။

**ဆောင်ရွက်မည့်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိ ရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ကျေးရွာတွင် အရင်းအနှီးငွေနှင့် နည်းပညာများကို အသုံးချပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစားချေးငွေနှင့် မြို့နယ်ရှိ ဘဏ်များ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများရရှိပါက စိုက်ပျိုးရေး၊ မွေးမြူရေး နည်းပညာများထွန်းကားလာစေရေးအတွက် သက်ဆိုင်ရာ နည်းပညာဌာနများနှင့် ဆောင်ရွက်သွားပြီး ရရှိသော ငွေများကိုကျေးရွာတွင် မျှဝေကာ ဖွံ့ဖြိုးတိုးတက်အောင် အသုံးချ သွားပါမည်။

ကျွန်ုပ်တို့သည် အပ်ချုပ်နှင့် ဂပ်လျှော့သင်တန်းများ တက်ရောက်နိုင်ရန် စီစဉ်ပေးမည့် ဝင်ငွေရလုပ်ငန်းများကို တိုးချဲ့နိုင်ရန် ကျွမ်းကျင်ပညာရှင်များနှင့် အရင်းအနှီးရရန် ချိတ်ဆက် ပေးမည်။

ကျေးရွာတွင် စာသင်ကျောင်းကို ကာရံပြီး မူကြိုကျောင်းတစ်ဆောင် ဆောက်လုပ်ခြင်းဖြင့် ကလေးငယ်၏ ပညာရေးကို တိုးမြှင့် လာအောင်ဆောင်ရွက်မည်။

ပညာရေးဌာနနှင့် ချိတ်ဆက်ပြီး ကျောင်းနှင့် ဆရာ၊ ဆရာမများ ခန့်ထားနိုင်ရေးအတွက် ဆောင်ရွက်သွားမည်။

ကျေးရွာတွင် ကျေးရွာလမ်းနှင့် အခြေခံအဆောက်အဦ များတိုးတက်ကောင်းမွန်ရေးအ တွက်ဆောင်ရွက်သွားမည်။ ကျေးရွာလူမှုအဖွဲ့အစည်းများကို အခြေပြု၍ လုပ်ငန်းများအကောင် အထည်ဖော်ကာ စီမံခန့်ခွဲနိုင်ရန်အတွက် ခေါင်းဆောင်မှုစွမ်းရည် ပိုမိုမြှင့်တက်အောင်တိုက် တွန်းအားပေးဆောင်ရွက်သွားမည်။

# ကျေးရွာ၏ဦးစားပေးစီမံချက်များ

........အုးစုး.........ကျေးရွာ တမူးမြို့နယ်

| စဉ် | စီမံချက်များ | ရမှတ် | အဆင့် |
|---|---|---|---|
| ၁ | အိမ်တိုင်ရာရောက်ရေပေးဝေရေးစီမံချက် | ၁၀၀ | ၁ |
| ၂ | ကျေးရွာတွင်းကွန်ကရစ်တံတားရရှိရေးစီမံချက် | ၉၀ | ၂ |
| ၃ | ကျောင်းဝင်းအတွင်းရေတွင်းရေကန်ရရှိရေးစီမံချက် | ၈၀ | ၃ |
| ၄ | ကျေးရွာမြေလွတ်မြေရိုင်းများစနစ်တကျခွဲဝေပေးရေး | ၇၀ | ၄ |
| ၅ | ကျောင်းသုံးပရိဘောဂများလုံလောက်စွာရရှိရေးစီမံချက် | ၆၈ | ၅ |
| ၆ | | | |
| ၇ | | | |
| ၈ | | | |
| ၉ | | | |
| ၁၀ | | | |
| ၁၁ | | | |
| ၁၂ | | | |
| ၁၃ | | | |
| ၁၄ | | | |
| ၁၅ | | | |
| ၁၆ | | | |
| ၁၇ | | | |
| ၁၈ | | | |
| ၁၉ | | | |
| ၂၀ | | | |
| ၂၁ | | | |
| ၂၂ | | | |

## (ခ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် စီမံချက်၏ အချိန် ဇယား ကို ဖော်ပြထားပါသည်။ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သည်များကိုဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ် လည်ကျေးရွာ ဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| စီမံကိန်း | ဦးစားပေး အဆင့် | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ |
|---|---|---|---|---|---|---|
| ၁။ အိမ်တိုင်ရာရောက်ရေပေးဝေရေး စီမံချက် | ၁ | √ | - | - | - | - |
| ၂။ ကျေးရွာတွင်းကွန်ကရစ်တံတားရရှိရေး စီမံချက် | ၂ | - | √ | - | - | - |
| ၃။ ကျောင်းဝင်းအတွင်းရေတွင်းရေကန်ရရှိရေးစီမံချက် | ၃ | - | - | √ | - | - |
| ၄။ ကျေးရွာမြေလွတ်မြေရိုင်းများစနစ်တကျခွဲဝေပေးရေး | ၄ | - | - | - | √ | - |
| ၅။ ကျောင်းသုံးပရိဘောဂများလုံလောက်စွာရရှိရေးစီမံချက် | ၅ | - | - | - | - | √ |
| | | | | | | |
| | | | | | | |

နောက်ဆက်တွဲ (၁)

## ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

**(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ**

**(၁.၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏% |
|---|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | | ၁ | ၁ | |
| ၁ နှစ်မှ ၅နှစ်အောက် | ၅နှစ်အောက်ကလေးငယ် | ၇ | ၅ | ၁၂ | |
| ၅ နှစ်မှ ၉နှစ်အထိ | မူလတန်းကျောင်းသား အရွယ် | ၅ | ၁၀ | ၁၅ | |
| ၉ နှစ်အထက်မှ ၁၅ နှစ် အထိ | အလယ်တန်းကျောင်းသား အရွယ် | ၆ | ၈ | ၁၄ | |
| ၁၅ နှစ်အထက်မှ ၆၀နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၅၃ | ၅၀ | ၁၀၃ | |
| ၆၀ နှစ်နှင့် အထက် | သက်ကြီးရွယ်ကြီး | | | | |
| **စုစုပေါင်း လူဦးရေ ၁၄၅** | | ၇၁ | ၇၄ | **၁၄၅** | |
| **စုစုပေါင်း အိမ်ထောင်စု - ၂၀** | | **တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ - ၇** | | | |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်လူဦးရေနှင့်လူဦးရေဆိုင်ရာ အချက်အလက်များကိုကောက်ယူရာ အလုပ်လုပ်ကိုင်နိုင်သူလူဦးရေများပြားပြီး ကျောင်းနေရွယ်ကလေး အနည်းငယ်ရှိပါသည်။ ကျေးရွာတွင် မ ဦးရေမှာ ကျား ဦးရေ ထက်များနေပြီး အနည်းငယ် ပိုများပါသည်။**

..........................................................................................

..........................................................................................

…………………………………………………………………………………………

…………………………………………………………………………………………

## (၁.၂) အလုပ်လုပ်နိုင်သူ အင်အား

### (၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက်လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ် အား | | |
| ၁ | **စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၄ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၆ | | | | |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | မရှိ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | မရှိ | | | | |
| ၃ | **ငါးဖမ်း လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | မရှိ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | မရှိ | | | | |
| ၄ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | မရှိ | | | | |
| | အလုပ်သမား၊ ကျပန်း၊ | မရှိ | | | | |

| စဥ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက်လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ် အား | | |
| | ရာသီအလိုက် အလုပ်သမား | | | | | |
| ၅ | **ထုတ်ကုန်လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | မရှိ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | မရှိ | | | | |
| ၆ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | မရှိ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | မရှိ | | | | |
| ၇ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | မရှိ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | မရှိ | | | | |
| ၈ | **ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | မရှိ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | မရှိ | | | | |
| ၉ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | မရှိ | | | | |
| | အလုပ်သမား၊ ကျပန်း၊ | မရှိ | | | | |

| စဉ် | လုပ်ငန်းများ | အမိက အလုပ်အကိုင် | | | တွဲဖက်လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ် အား | | |
| | ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၀ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | မရှိ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | မရှိ | | | | |
| ၁၁ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | မရှိ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | မရှိ | | | | |
| ၁၂ | **ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | မရှိ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | မရှိ | | | | |
| ၁၃ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | မရှိ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | မရှိ | | | | |
| ၁၄ | **အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | မရှိ | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက်လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | မရှိ | | | | |
| ၁၅ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | မရှိ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | မရှိ | | | | |
| ၁၆ | **ပညာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | မရှိ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | မရှိ | | | | |
| ၁၇ | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၈ | **လူမှုရေး လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | မရှိ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် | မရှိ | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက်လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ် အား | | |
| | အလုပ်သမား | | | | | |
| ၁၉ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | မရှိ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | မရှိ | | | | |
| ၂၀ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ – UN, INGOs, Companies, etc.,)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | မရှိ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | မရှိ | | | | |
| | **စုစုပေါင်း** | | | | | |

**ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ကြက်ဝက်များကို အိမ်တိုင်းလိုလိုတစ်နိုင်တစ်ပိုင် မွေးမြူကြသည်။တခြားကျပန်းလုပ်ကိုင်သူများလည်း ရှိပါသည်။ စိုက်ပျိုးရိတ်သိမ်းရာသီတွင်သာလုပ်ငန်းများရှိ၍ ထိုရာသီကုန်လျှင်လုပ်ငန်းများမရှိပါ ။**

……………………………………………………………………………………

……………………………………………………………………………………

**(၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | အနည်းဆုံး (ကျပ်) | မှတ်ချက် |
|---|---|---|---|---|---|

| | | | ကျား | မ | ကျား | မ | |
|---|---|---|---|---|---|---|---|
| ၁ | လယ်ယာလုပ်ငန်း | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၃၀၀၀ | |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့ စား | မရှိ | မရှိ | မရှိ | မရှိ | |
| ၃ | ငါးလုပ်ငန်း – ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း | နေ့ စား | မရှိ | မရှိ | မရှိ | မရှိ | |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ငေ ေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့ စား | မရှိ | မရှိ | မရှိ | မရှိ | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့ စား | မရှိ | မရှိ | မရှိ | မရှိ | |
| ၆ | ဆောက်လုပ်ရေး၊ လက်သ မား၊ ပန်းရံလုပ်ငန်း | နေ့ စား | မရှိ | မရှိ | မရှိ | မရှိ | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | နေ့ စား | မရှိ | မရှိ | မရှိ | မရှိ | |
| ၈ | လက်လီ–လက်ကား ရောင်းဝယ်ရေး | နေ့ စား | မရှိ | မရှိ | မရှိ | မရှိ | |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | မရှိ | မရှိ | မရှိ | မရှိ | |
| ၁၀ | ဟိုတယ်နှင့် စားသောက် ဆိုင်လုပ်ငန်း | နေ့စား | မရှိ | မရှိ | မရှိ | မရှိ | |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

**မှတ်ချက်**

**(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)**

**(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)**

**လေ့လာတွေ့ရှိချက်။ ။ လယ်ယာစိုက်ပျိုးချိန်တွင် တစ်ကေလျှင်အနည်းဆုံး (၂၅၀၀၀) မှ အများဆုံး (၃၀၀၀၀) ထိရရှိသည်။ နေ့စားလုပ်အားခမှာ တစ်နေ့လျှင်အနည်းဆုံး (၃၀၀၀) ကျပ်မှ (၄၀၀၀) ကျပ်ထိရရှိသည်။**

(၁.၃) သဘာဝ ရင်းမြစ်များ

(၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရေရင်းမြစ် (ရေရရှိသည့်နေရာ/ရေပေးနိုင်သည့်ကေ) |
|---|---|---|---|---|
| လယ်မြေ | ၉၉ | ကောင်း | အနည်းအကျဉ်း | |
| ယာမြေ /တောင်ယာ | ၂၄ | သင့် | - | |
| ဥယျာဉ်ခြံမြေ | မရှိ | | - | |
| အိမ်ခြံဝင်း စိုက်ခင်း | မရှိ | | - | |
| နှစ်ရှည်သီးနှံစိုက်ခင်း | မရှိ | | - | |
| ရွှေ့ပြောင်းတောင်ယာမြေ | မရှိ | | - | |
| ကိုင်း/ကျွန်းမြေ | မရှိ | | - | |
| စားကျက်မြေ | မရှိ | | - | |
| ပလပ်မြေ | ၂၀ | သင့် | - | |
| အခြား | | | - | |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရေရင်းမြစ် (ရေရရှိသည့်နေရာ/ရေပေးနိုင်သည့်ကာလ) |
|---|---|---|---|---|
| စုစုပေါင်း | ၁၄၃ | | | |

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။

မှတ်ချက်။ ။ရေရှိသည့် နေရာအမျိုးအစား-ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

လေ့လာတွေ့ရှိချက်။ ။ မြေဧရိယာတိုးချဲ့ရန်အတွက် စက်ယန္တရားမရှိခြင်းကြောင့် မချဲ့ထွင်နိုင်ပါ။ မြေဆီလွှာအရည်အသွေးသည် အသင့်အတင့်ရှိသောကြောင့် မြေသြဇာသုံးစွဲခြင်းမပြုကြပါ။

---

(၁.၃.၂) ဓာတ်သတ္တုနှင့်အခြားသဘာဝ ရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမီနိုင်မှု (လွယ်/ခက်/လက်လှမ်းမမီ) |
|---|---|---|
| ကာဗွန် (ဓာတ်ငွေ့/ရေနံ) | မရှိ | လက်လှမ်းမမီ |
| အခြား ရင်းမြစ်များ | မရှိ | - |
| အခြားသဘာဝရင်းမြစ် | | |

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | မရှိ | လက်လှမ်းမမီ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) | နည်း | ခက် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ယခင်က သဘာဝတိရစ္ဆာန်မျိုးစိတ်များပေါများစွာရှိပါသည်။ ယခုနောက်ပိုင်းတွင်လူသားတို့သည် အမဲပစ်မှုများလာသောကြောင့် တောတွင်း တိရစ္ဆာန်များ ရှားပါးသွားသည်။

…………………………………………………………………………………………

(၁.၄)ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသော အိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၅ | ၇ | ၄ | ၄ |

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသော အိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| အိမ်အခြေအနေ | ပျဉ်ထောင်၊ သွပ်မိုး | ပျဉ်ထောင်၊ သွပ်မိုး | ကပ်ကာ၊ သက်ငယ်မိုး | ကပ်ကာ၊ သက်ငယ်မိုး |
| လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု | ကျွဲနွား | ကျွဲနွား | နွား | မရှိ |
| ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု | စက်ဘီး၊ ဆိုင်ကယ် | စက်ဘီး၊ ဆိုင်ကယ် | စက်ဘီး၊ ဆိုင်ကယ် | စက်ဘီး |
| အဓိကစီးပွားရေး လုပ်ငန်း | လယ်ယာ | လယ်ယာ | လယ်ယာ | |
| အခြားပိုင်ဆိုင်မှု | | | | |
| အိမ်ထောင်စု – | ( %) | ( %) | ( %) | ( %) |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။အလွန်ဆင်းရဲသောအိမ်ထောင်စု မရှိပါသဖြင့် ဝင်ငွေ ထွက်ငွေ အသင့်တင့်မျှတမှုရှိပါသည်။

………………………………………………………………………………………………

………………………………………………………………………………………………

(၁.၅) ထိခိုက်လွယ်မှု

(၁.၅.၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာခနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖြေရှင်းသည့်နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | | | |
| ၃ လနှင့် ၆ လအောက် | ၃ | | |
| ၆လ မှ ၁၂ လ အထိ | ၂ | | |

ရင်းမြစ်..ဥစ္စာခနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ စိုက်ပျိုးရိတ်သိမ်းရာသီမရောက်ခင် ကြိုတင်၍လုပ်အားခထုတ်ယူ၍ ရာသီချိန်ရောက်မှ လုပ်အားဖြင့် ပြန်ပေးဆပ်ခြင်းနည်း

……………………………………………………………………………………………

(၁.၅.၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | | | |

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| | အိမ်ထောင်စု<br>အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင် အိမ်ထောင်စု | - | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | - | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | - | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက် ။ ။ ကူညီစောင့်ရှောက်မှု လိုအပ်လျှက်ရှိသော အိမ်ထောင်စု များကျေးရွာတွင် မရှိပါ။

..........................................................................................

..........................................................................................

(၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | လတ် | ဆန်စပါးအလွယ်တကူဝယ်ယူနိုင် |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၂ | သဘာဝရင်းမြစ်ရှားပါးမှု(မြေ၊စိုက်ပျိုးေ ေ) | လတ် | |
| ၃ | ရေကြီးခြင်း | နိမ့် | |
| ၄ | မိုးခေါင်ခြင်း | နိမ့် | မိုးကောင်းစွာရွာသွန်းသောကြောင့် |
| ၅ | အအေးလွန်ကဲခြင်း | နိမ့် | |
| ၆ | မုန်တိုင်း | နိမ့် | |
| ၇ | ငလျင် | နိမ့် | |
| ၈ | မီးဘေး | နိမ့် | |
| ၉ | ဆားငန်ရေဝင်မြေ | နိမ့် | |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု | နိမ့် | |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် | |
| ၁၂ | ငှက်ဖျားရောဂါ | နိမ့် | |
| ၁၃ | တီဘီရောဂါ | နိမ့် | |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | နိမ့် | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁၅ | ပြည်တွင်း ပဋိပက္ခ | နိမ့် | |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | လတ် | |
| ၁၇ | လူကုန်ကူးခြင်း | နိမ့် | |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲ စသည် | နိမ့် | |
| ၁၉ | အခြား | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင်လေပြင်းမုန်တိုင်းများတိုက်ခတ်လေ့ရှိသည်။ အချိန်အခါမဟုတ် မိုးရွာသွန်းမှုလည်း နှစ်စဉ်နှစ်တိုင်းလိုလို ဖြစ်ပွားတတ်သည်။

……………………………………………………………………………………

……………………………………………………………………………………

(၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | နိမ့် | ကောင်းမွန်စွာနေခြင်း |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | လတ် | |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | လတ် | |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | နိမ့် | |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | နိမ့် | |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေ များသောနေရာ (Prone to accident) တွင် နေထိုင်သူများ | နိမ့် | |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ ပြောင်းခံရသူများ (IDP) | နိမ့် | |

Asiyin( PC)

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | နိမ့် | |
| ၉ | ငါးကန်ပိုင်ရှင် | နိမ့် | |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | လတ် | မြေယာပိုင်ဆိုင်မှုမရှိခြင်း |
| ၁၁ | လူနည်းစုလူမျိုးများ | နိမ့် | |
| ၁၂ | ဒေသတွင်းပဋိပက္ခဧရိယာ တွင် နေထိုင်သူများ | နိမ့် | |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | နိမ့် | |
| ၁၄ | ရွှေတွင်းလုပ်သား | နိမ့် | |
| ၁၅ | ဆေးစွဲသူများ | နိမ့် | |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိ သောသူများ | နိမ့် | |
| ၁၇ | လှည့်လည်သွားလာ၍ဈေး ရောင်းသူများ | နိမ့် | |
| ၁၈ | နေရပ်ပြန် အခြေချသူများ | နိမ့် | |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | နိမ့် | |
| ၂၀ | ကားသမား | နိမ့် | |

| စဉ် | ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၂၁ | အခြား | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ ကျေးရွာတွင်မရှိပါ။

……………………………………………………………………………………

……………………………………………………………………………………

……………………………………………………………………………………

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် | ဦးဆောင်ဖွဲ့စည်းသူများ (၄/၅) | စွမ်းဆောင်နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် | ဦးဆောင်ဖွဲ့စည်းသူများ (၄/၅) | စွမ်းဆောင်နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၁ | ဂေါပကအဖွဲ့ | ၃ | ၆ | ဝ | ၆ | | ၄ | ၆ |
| ၂ | လူငယ်အဖွဲ့ | ၂ | ၁၅ | ၁၅ | ၃၀ | | ၄ | ၆ |
| ၃ | ပရဟိတ | ၂ | ၅ | | ၅ | | ၄ | ၆ |
| ၄ | အမျိုးသမီး | ၂ | | ၅ | ၅ | | ၄ | ၆ |
| ၅ | | | | | | | | |
| ၆ | | | | | | | | |
| ၇ | | | | | | | | |
| ၈ | | | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**ဦးဆောင်ဖွဲ့စည်းသူများ**

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

**အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ**

(၆) ကောင်း – လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁–၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့်

ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၇) သင့် - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။

(၈) ညံ့ (အားနည်း) - ကြုံသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သာရေးနာရေးကိစ္စများကို လူငယ်အဖွဲ့မှ အားတက်တရောလုပ်ကိုင်ပေးလေ့ရှိသည်။ ဘာသာရေးကိစ္စရပ်များတွင်လည်း တစ်ရွာလုံး တက်တက်ကြွကြွပါဝင်ဆောင်ရွက်ကြပါသည်။

## (၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၁ | | | |
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |
| ၆ | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကမ္ဘာ့အလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ – UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပ

အဖွဲ့အစည်းများမရှိပါ။ ---------------------------------------------------------

--------------------------------------------------------------------------------

--------------------------------------------------------------------------------

-

(၂.၂) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(၂.၂.၁) သီးနှံထုတ်လုပ်ရေး

(၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၆ | | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ကေအောက် | | | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ကေမှ ၅ ကေထိ | ၅ | | တောင်သူငယ် |
| ၄ | ၅ ကေမှ ၁၂.၅ ကေ | ၉ | | အလယ်အလတ်စား |

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| | ကြား | | | တောင်သူ |
| ၅ | ၁၂.၅ ဧက အထက် | | | တောင်သူကြီး |
| ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | | ၂၀ | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။ လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မြေယာပိုင်ဆိုင်သူမှာ အိမ်ထောင်စုအားလုံး၏ ၃၀% ဝန်းကျင်သာရှိပါသည်။ အများစုမှာလက်လုပ်လက်စားများဖြစ်ကြပါသည်။

………………………………………………………………………………………………

**(၂.၂.၁.၂) အစိုးရနှင့်ပုဂ္ဂလိက ရေရင်းမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ**

**ဇယား (၁၄)** ကျေးရွာ၏ ရေရင်းမြစ်နှင့် **ရေသွင်းဧရိယာ**

| စဉ် | ရင်းမြစ် | အစိုးရ /ပုဂ္ဂလိက | ရေသောက် ဧက | ရရှိနိုင်မှု | |
|---|---|---|---|---|---|
| | | | | တနှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၁ | ဆည် | မရှိ | | | |
| ၂ | ရေလွှဲဆည် | မရှိ | | | မရှိ |
| ၃ | မြစ်ရေတင်စီမံကိန်း | မရှိ | | | မရှိ |
| ၄ | အဝီစိတွင်း | မရှိ | | | မရှိ |

| စဉ် | ရင်းမြစ် | အစိုးရ/ပုဂ္ဂလိက | ရေသောက်ဧက | ရရှိနိုင်မှု | |
|---|---|---|---|---|---|
| | | | | တနှစ်ပတ်လုံး/ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၅ | လက်ငင်ရေတွင်း | မရှိ | | | မရှိ |
| ၆ | စိမ့်စမ်းရေ | ပုဂ္ဂလိက | ၁၆ | ရာသီအလိုက် | လုံလောက်မှုရှိ |
| ၇ | ချောင်းရေ | ပုဂ္ဂလိက | ၆၀ | ရာသီအလိုက် | လုံလောက်မှုရှိ |
| ၈ | အခြား | | | | |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ လယ်ယာမြေများအတွက် ချောင်းရေကို အဓိကထားသုံးစွဲပြီး ရေလုံလောက်မှုရှိပါသည်။

(၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်းစိုက် ဧက | သီးနှံထွက်မှု | | | | သီးနှံစိုက်ပျိုးသည့်ကာလ | | သွင်းအားစုလိုအပ်ချက် (နိမ့်/လတ်/မြင့်) | အမြတ်ရရှိနိုင်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | | |

| သီးနှံ | စုစုပေါင်းစိုက် ဧက | သီးနှံထွက်မှု | | | | သီးနှံစိုက်ပျိုးသည့်ကာလ | | သွင်းအားစုလိုအပ်ချက် (နိမ့်/လတ်/မြင့်) | အမြတ်ရရှိနိုင်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | | |
| စပါး | | တင်း | ၄၀ | ၈၀ | ၆၀ | ဇွန် | နိုဝင်ဘာ | နိမ့် | လတ် | |
| မုန်ညင်း | | တင်း | ၂၀ | ၃၀ | ၂၅ | အောက်တိုဘာ | ဖေဖော်ဝါရီ | နိမ့် | လတ် | |
| မြေထောက်ပဲ | | တင်း | ၁၀၀ | ၁၅၀ | ၁၂၀ | ဇန်နဝါရီ | မတ် | နိမ့် | လတ် | |
| မြေပဲ | | တင်း | ၂၀ | ၁၀၀ | ၅၀ | ဩဂုတ် | နိုဝင်ဘာ | နိမ့် | လတ် | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အများအားဖြင့် စပါးစိုက်ပျိုးကြပြီး သီးနှံအထွက်နှုန်းမှာအသင့်တင့်မျှသာရှိပါသည်။**

## (၂.၂.၁.၄) လယ်ယာသုံးစက်ကိရိယာများ

**ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု**

| စက်အမျိုးအစား | ပိုင်ဆိုင်မှု | | | | | စက်ကိရိယာ ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် | မှတ်ချက်/ အခြေအနေ |
|---|---|---|---|---|---|---|---|
| | တစ်ဦးချင်းပိုင် | အဖွဲ့ပိုင် | | ရွာပိုင် | | | |
| | | အရေအတွက် | လယ်သမားဦးရေ | အရေအတွက် | လယ်သမားဦးရေ | | |
| **ထွန်စက်** | - | - | - | - | - | | |
| **လက်တွန်းထွန်စက်** | ၇ | - | - | - | - | ၃ | |
| **အစေ့ချ ကိရိယာ** | - | - | - | - | - | - | |
| **ရိတ်သိမ်းခြွေလှေ့စက်** | - | - | - | - | - | - | |
| **ရိတ်သိမ်းစက်** | - | - | - | - | - | - | |
| ခြွေလှေ့စက် | - | - | - | - | - | - | |
| ရေစုပ်စက် | - | - | - | - | - | - | |
| ခြေနင်းရေတင်စက် | - | - | - | - | - | - | |
